# သနပ်ပင်မြို့နယ်ဒေသဆိုင်ရာအချက်အလက်များ

## အခန်း(၁)

## နိဒါန်းနှင့်ဒေသသမိုင်း

### နိဒါန်း

၁။ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ သနပ်ပင်မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနအောက်ရှိ ဌာနတစ်ခု ဖြစ်ပြီး တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ နိုင်ငံတော်အစိုးရ၏မူဝါဒများ အကောင်အထည်ဖော်ဆောင်ရေး၊ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်ဖော်ဆောင်ရေး၊ ပြည်သူဗဟိုပြုသော ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရေးဟူသော ရည်မှန်းချက် တာဝန်များကို အောင်မြင်အောင် ဆောင်ရွက်လျက်ရှိပါသည်။ အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနတွင် တာဝန်ထမ်းဆောင်ကြသည့် အဆင့်ဆင့်သော အရာထမ်း၊ အမှုထမ်းများသည် ရုံးချုပ်အဆင့်မှ အောက်ခြေ ရပ်ကွက်/ ကျေးရွာအုပ်စု အဆင့်အထိ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အသီးသီးတွင် တာဝန်ထမ်းဆောင်ကြရပြီး နိုင်ငံတော် အုပ်ချုပ်ရေး ယန္တရားချောမွေ့စွာလည်ပတ်ရေးတွင် ပါဝင် ဆောင်ရွက်ခြင်း၊ ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များ၊ အခြားဝန်ကြီး ဌာနမှ ပေးအပ်သောတာဝန်များနှင့် ဒေသဆိုင်ရာအစိုးရအဖွဲ့များမှ ပေးအပ်သော လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နေကြရသည်ဖြစ်ရာ ဒေသဆိုင်ရာအချက်အလက်များ ပြုစုထား ရှိခြင်းသည် များစွာအရေးပါလာပါသည်။ ဒေသဆိုင်ရာအချက်အလက်များ ပြုစုခြင်းဖြင့် မိမိတို့၏ လုပ်ငန်းဆောင်ရွက်ရာတွင် အထောက်အကူပြု သကဲ့သို့ အကြီးအကဲများ နယ်မြေသို့ ကွင်းဆင်းရာတွင် နယ်မြေ၏ အချက်

အလက်များကို လွယ်ကူစွာ သိရှိနိုင်မည်ဖြစ်ပါသည်။ ဤစာအုပ်သည် သနပ်ပင်မြို့နယ်၏ ဒေသဆိုင်ရာအချက်အလက်များ (၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလကုန်ထိအခြေအနေ)ကိုသက်ဆိုင်ရာ ဌာနအသီးသီးမှ ပေးပို့သော ကိန်းဂဏန်းများနှင့်အညီ ပြုစုတင်ပြထားခြင်းဖြစ်ပါသည်။

**ဒေသသမိုင်းအကျဉ်း**

၂။ သနပ်ပင်မြို့နယ်သည် တစ်ချိန်က ပင်လယ်ကမ်းအနီး ရေတိမ်ပိုင်း ဖြစ်ခဲ့ပါသည်။ မွန်လူမျိုးများကိုးကွယ်သည့် နံကရိုင်းကျွဲမကြီးနှင့် အသားမင်းသား တို့ကျက်စားရာ ကွင်းပြင်ဖြစ်ခဲ့သည်ဟု အဆိုရှိပါသည်။ တောလိုက် မုဆိုးများ၊ တံငါများ ကျက်စားရာ ဒေသဖြစ်ပါသည်။ မြို့မတည်မီနှစ်(၇၀) ခန့်က အလွန် မြင့်မားသော သနပ်ပင်ကြီး(၂)ပင်ရှိပြီး လုံးပတ်မှာပုဆိုးတစ်ပတ်ခန့်ဖြစ်၍ ပေ(၁၅၀)ခန့်မြင့်သဖြင့် ပဲခူးမှ အမဲပစ်သမားများစခန်းချလေ့ရှိ၍ သနပ်ပင်စခန်းဟုတွင်ခဲ့ကြောင်းဆိုခဲ့ကြပါသည်။ မွန်လူမျိုးများလာရောက်ပြီး မြေရိုင်း ခုတ်ထွင် လယ်လုပ်ရာမှ လူစုများပြားလာပြီး သက္ကရာဇ်(၁၁၇၀) ခုနှစ်တွင် သနပ်ပင်ရွာ စတင် ပေါ်ပေါက်လာပါသည်။ ဒုတိယကမ္ဘာစစ် မတိုင်မီက ပဲခူး-သုံးခွ (၄၉)မိုင်အရှည်၊ ရထားလမ်းသည်စစ်ပြီးနောက်တွင် သနပ်ပင်-သုံးခွ ကားလမ်းအဖြစ် ပြောင်းလဲခဲ့ပါသည်။ ပဲခူး-စစ်တောင်းတူးမြောင်းကို ၁၂၃၅ ခုနှစ် (၁၈၇၃-ခုနှစ်)တွင် တူးဖော်၍လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာ သဖြင့် လူဦးရေများပြားခဲ့ပါသည်။ ပဲခူးတိုက်သူကြီးက သနပ်ပင်မြောက်ဘက် ကမ်း၌ ဦးမောင်ကြီးအား သူကြီးခန့်၍တောင်ဘက်ကမ်း၌ ဦးဘိုးစုဝင်းအား သူကြီးခန့်ခဲ့ပါသည်။ (၁၂၈၀ ခုနှစ်)(၁၉၀၈-ခုနှစ်)ခန့်တွင် မြို့ပိုင်ရုံးစိုက်ရာ မြို့ဖြစ်ခဲ့ပြီး ထိုအချိန်မှစ၍ မြို့ပိုင်သူကြီးနှင့်

ရဲများအုပ်ချုပ်ခဲ့ကြောင်း သိရှိခဲ့ရပါသည်။ (၁၉၃၂) ခုနှစ်တွင် လူငယ်(၃၀)ခန့်ဖြင့် ကြီးပွားရေး စာဖတ်အသင်း စတင်တည်ထောင်ခဲ့ပြီး (၁၉၃၆)ခုနှစ်တွင် တို့ဗမာအစည်းအရုံးကို စတင်ခဲ့၍ (၁၉၃၇)ခုနှစ် ဆိုင်းဘုတ်တင်နိုင်ခဲ့ပါသည်။ (၁၃၀၀)ပြည့်နှစ် ရေနံမြေအလုပ်သမားအရေးတော်ပုံတွင် ရေနံမြေမှ ရန်ကုန်မြို့သို့ ချီတက်လာသော တပ်ဖွဲ့ကြီးတွင် ပဲခူး ၊ ဝေါ၊ သနပ်ပင်တို့ရှိ လယ်သမား၊ အလုပ်သမားများက တက်ကြွစွာပါဝင်ဆင်နွှဲခဲ့ပါသည်။ ၁၉၄၅ ခုနှစ် ဂျပန်တော်လှန်ရေးတွင် နိုင်ငံရေးအဖွဲ့အစည်းဖြစ်သော တို့ဗမာအစည်းအရုံးနှင့် အာရှလူငယ်များအဖွဲ့တို့နှင့် လက်တွဲမဖြုတ်ပါဝင်ဆင်နွှဲကြပါသည်။ ကွန်မြူနစ်များ ပေါ်ပေါက်လာပြီးနောက် တရားဝင်တောခိုကာ သနပ်ပင်မြို့နယ်၊ ကုလား ချောင်းကြီးကျေးရွာကို ဌာနချုပ်အဖြစ် အခြေပြုခဲ့ပြီး သနပ်ပင်မြို့ပေါ်တွင် ရဲများ၊ မြို့ပြကာကွယ်ရေးအဖွဲ့ များနှင့် လိုအပ်ပါက အစိုးရ စစ်တပ်များအား ပဲခူးမှအကူအညီတောင်း၍ လုံခြုံရေး တာဝန်ယူခဲ့ကြပါသည်။ ၁၉၅၈ ခုနှစ်တွင် အစိုးရက ပျူစောထီး စီမံကိန်းဖြင့် တစ်နှစ်အတွင်း သောင်းကျန်းသူ အမြစ်ပြတ်ချေမှုန်းရေး ဆောင်ရွက်ခဲ့ပြီး ကျေးရွာများကို လက်နက်တပ်ဆင်ပေးခဲ့ပါသည်။ ထိုအခါ ကွန်မြူ နစ်ပြောက်ကျားများ တစ်စတစ်စ ဆုတ်ယုတ်စေခဲ့ပြီး (၁၉၅၉)ခုနှစ် အိမ်စောင့် အစိုးရလက်ထက်တွင် တည်ငြိမ်အေးချမ်းသော နယ်မြေတစ်ခုဖြစ်ခဲ့ပါသည်။ ဗဟိုလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီမှ သနပ်ပင်မြို့အား မြို့နယ်တစ်ခုသတ်မှတ်အုပ်ချုပ်ခဲ့ရာ ရပ်ကွက်နှင့် ကျေးရွာ အုပ်စုပေါင်း(၅၈)ခွဲခြားသတ်မှတ်ခဲ့ပါသည်။ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနမှ (၃၀ – ၈ –၇၂) ဖြင့်ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအရ ရှိရင်းစွဲ ရပ်ကွက်နှင့် ကျေးရွာ အုပ်စုများအား အတည်ပြုသတ်မှတ်၍ မြို့နယ်ရုံးများ စတင်

ဖွင့်လှစ်ခဲ့ပါသည်။ (၂၀-၉-၇၃)ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ များအရ လည်းကောင်း၊ ( ၂၃-၈-၈၄ ) ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာများအရ လည်းကောင်း၊ သနပ်ပင်မြို့နယ်အား ရပ်ကွက်(၆)ခု၊ ကျေးရွာအုပ်စု (၆၀)နှင့်ကျေးရွာ ပေါင်း (၉၉)ရွာကို အဆင့်ဆင့်ဖွဲ့စည်း ပေးခဲ့ပါသည်။

# အခန်း(၂)

## ပထဝီဝင် အနေအထား

### တည်နေရာ နှင့်အကျယ်အဝန်း

၃။ သနပ်ပင်မြို့နယ်သည် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၀၇ မိနစ် မှ ၁၇ ဒီဂရီ ၂၂ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၃၀မိနစ်မှ ၉၆ ဒီဂရီ ၅၅မိနစ်အကြားတွင် တည်ရှိပါသည်။ အရှေ့မှအနောက်သို့ (၃၅)မိုင်၊ တောင် မှမြောက်သို့(၁၁)မိုင်ရှည်လျားပါသည်။ သနပ်ပင် မြို့နယ်၏ဧရိယာ စတုရန်းမိုင်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | မြို့ အမည် | မြို့ဧရိယာ စတုရန်းမိုင် | ကျေးရွာအုပ်စု ဧရိယာ စတုရန်းမိုင်ပေါင်း | မြို့နယ်ဧရိယာ စတုရန်းမိုင်ပေါင်း |
|---|---|---|---|---|
| ၁ | သနပ်ပင် | ၁.၀၄ | ၃၈၃.၉၆ | ၃၈၅ |
| မြို့နယ်ချုပ် | | ၁.၀၄ | ၃၈၃.၉၆ | ၃၈၅ |

## နယ်နမိတ်

၄။ သနပ်ပင်မြို့နယ်၏ အရှေ့ဘက်တွင် မွန်ပြည်နယ်ရှိ စစ်တောင်းမြစ် ခြားလျှက် ကျိုက်ထိုမြို့နယ်၊ ဘီးလင်းမြို့နယ်တို့နှင့် နယ်နိမိတ် ထိစပ် လျှက်ရှိပြီး၊ တောင်ဘက်တွင် ပဲခူးတိုင်းဒေသကြီး ၊ ကဝမြို့နယ်နှင့် ထိစပ်လျှက် ရှိပါသည် အနောက်ဘက်တွင် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်နှင့်လည်းကောင်း၊ မြောက်ဘက်တွင် ဝေါမြို့နယ်နှင့် လည်းကောင်း နယ်နိမိတ် ထိစပ်လျှက်ရှိပါသည်။ မြို့နယ်၏ အရှေ့ဘက်သည် စစ်တောင်း မြစ်နှင့် ထိစပ်လျှက်ရှိပြီး စစ်တောင်း မြစ်ဝကမ်းရိုးတမ်းမိုင်မှာ ၁၆ မိုင် ခန့်ဖြစ်ပါသည်။

## မြေမျက်နှာသွင်ပြင်

၅။ သနပ်ပင်မြို့နယ်သည် မြေနိမ့်ချိုင့်ဝှမ်း လွင်ပြင်ဒေသဖြစ်ပြီး ရေနက် ကွင်းဧရိယာ ပေါများပါသည်။ မြို့နယ်၏(၇၅%)မှာ ရေနက်ကွင်းဒေသများ ဖြစ်ပြီး ရေတော်မိုးတော်စိုက်ပျိုးကေနည်းပါးပါသည်။

## ရေဆင်း

၆။ သနပ်ပင်မြို့နယ်သည် မြစ်ချောင်းများပေါများရာ ဒေသတစ်ခု ဖြစ်ပြီး မြစ်ချောင်းများသည် အရှေ့မှအနောက်သို့ စီးဆင်းလျှက်ရှိပါသည်။ ထင်ရှား သော ပဲခူး-စစ်တောင်းတူးမြောင်းသည် သနပ်ပင်မြို့အတွင်းမှဖြတ်၍ အရှေ့မှ အနောက်သို့ စီးဆင်းပါသည်။ ဒေသအတွင်းရှိ ရေအရင်းအမြစ် အများစုမှာ ရေချို များဖြစ်ပြီး စစ်တောင်းမြစ် ရေလျှံတက်မှုကြောင့် တစ်ခါတရံ

သောက်ရေ၊ သုံးရေများ နွေရာသီတွင် အခက်အခဲ အနည်းငယ် ကြုံတွေ့ခဲ့ရပါသည်။ ပဲခူး-စစ်တောင်းတူးမြောင်းသည် ရာသီမရွေး လှေ၊ သမ္ဗာန်များဖြင့် ဆက်သွယ်သွားလာနိုင်သော မြစ်ချောင်းတစ်ခု ဖြစ်ပါသည်။ မြို့နယ်အတွင်း ၁၇ မိုင် ၄ ဖာလုံ ဖြတ်သန်းစီးဆင်းလျှက်ရှိပါသည်။

**ပင်လယ်ရေမျက်နှာပြင်အထက်အမြင့်**

**၇။** သနပ်ပင်မြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်ထက် (၁၈.၅၀၉)ပေ အထက်တွင် တည်ရှိပါသည်။

**အခန်း(၃)**

**ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်**

**ရာသီဥတု**

၈။ သနပ်ပင်မြို့နယ်သည် အနောက်တောင်မုတ် သုံ့ရာသီဥတု ရှိပြီး၊ မိုးရေချိန်နှင့် အပူချိန်တို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ခုနှစ် | မိုးရေချိန် | | အပူချိန် | |
|---|---|---|---|---|---|
| | | မိုးရွာရက် | စုစုပေါင်း မိုးရေချိန် (လက်မ) | နွေရာသီ (˚C) အမြင့်ဆုံး | ဆောင်းရာသီ (˚C) အနိမ့်ဆုံး |
| ၁ | ၂၀၁၇ | ၁၅၆ | ၁၃၇.၀၀ | ၃၇ ˚C | ၂၂ ˚C |
| ၂ | ၂၀၁၈ | ၁၆၃ | ၁၄၁.၂၀ | ၃၇ ˚C | ၂၂ ˚C |
| ၃ | ၂၀၁၉ | ၁၀၅ | ၁၁၉.၅၁ | ၃၇ ˚C | ၂၂ ˚C |
| ၄ | ၂၀၂၀ | ၁၁၄ | ၉၂.၉၅ | ၃၇ ˚C | ၂၂ ˚C |

## သဘာဝပေါက်ပင်များ

၉။ သနပ်ပင်မြို့နယ်သည် မြေနိမ့်ချိုင့်ဝှမ်း ဒေသပေါ်များသည့် အလျောက် ရေဆူးပုတ်ပင်၊ ဆူးကသစ်ပင်၊ မန်ကျည်းပင်၊ ကုက္ကိုပင်၊ ဓနိပင်နှင့် ဖော့ညာဏ် ပင်များ သဘာဝအလျောက် ပေါက်ရောက်လျှက် ရှိပါသည်။ ရေလွတ်ရာ နေရာ များ၌ သရက်ပင်၊ အုန်းပင်၊ ထန်းပင်၊ မာလကာပင်နှင့် ငှက်ပျောပင် စသည့် အပင်များဖြစ်ထွန်းလေ့ရှိပါသည်။

## တောရိုင်းတိရစ္ဆာန်များ

၁၀။ သနပ်ပင်မြို့နယ်အတွင်း သဘာဝရာသီအလိုက် ကျေးငှက်သတ္တဝါများ အမျိုးမျိုးဖြစ်သည့် ကြွက်၊ ဖား၊ လင်းမွေ၊ ငါးရှဉ့်၊ ရေချိုး/ ရေငံငါး၊ ပုဇွန်၊ ဂဏန်း တို့တွေ့ရပါသည်။ လယ်ယာသုံး ကျွဲ၊ နွား များနှင့် အိမ်မွေး သတ္တဝါများ ဖြစ်သော ကြက်၊ ဘဲ၊ ဝက်၊ သိုး၊ ဆိတ်၊ ငုံး၊ ခွေး နှင့်ကြောင်များ မွေးမြူကြပါသည်။ အထူးသဖြင့် ဘဲမွေးမြူခြင်းနှင့် ဘဲသားဖေါက်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်း လျှက်ရှိပါသည်။

## သဘာဝပတ်ဝန်းကျင်လက်ရှိအခြေနေ

၁၁။ မြို့နယ်၏ ရေမြေသဘာဝအရ မြစ်ချောင်း၊ အင်းအိုင်ပေါင်း (၂၆)ခု တည်ရှိပါသည်။ သဘာဝအလျောက် ဝင်ရောက်လျှက်ရှိသည့် ငါးရိုင်းများကို မြေသားရေလှောင်ကန်များဖြင့် ပိတ်ဆို့သိုလှောင် ဖမ်းဆီးခြင်းဖြင့် လည်းကောင်း၊ မြစ်ချောင်းများအတွင်းရှိ ငါးများကို ဒေသအခြေအနေအရ တရားဝင်ခွင့်ပြု ချက်ရရှိထားသော နည်းလမ်းများဖြင့် လည်းကောင်း၊ ဖမ်းဆီးလေ့ရှိပါ သည်။ မြစ်ချောင်းများ တိမ်ကောခြင်း၊ ရေစီးရေလာ ဟန့်တားမှုများကြောင့် အချို့သော ချောင်း၊ မြောင်း များမှာ ပုံမှန်ငါးဖမ်းခြင်း

ပြုလုပ်နိုင်ခြင်း မရှိတော့ပါ ။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ရေးအတွက် မူလရှိရင်း မြစ်ချောင်းများအား ပြန်လည် တူးဖော်ခြင်းဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှုများ စွမ်းဆောင် နိုင်မည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ**

၁၂။ သနပ်ပင်မြို့နယ်တွင် တူးဖော်ထားရှိသည့် မြစ်ချောင်းများ တိမ်ကောမှု မရှိစေရေး မိုးစပါး၊ နွေစပါး၊ ရေသွင်းရေထုတ်မြောင်းများ အစဉ် ကောင်းမွန်စေရေးအတွက် ရေနက်ကွင်းဒေသများရှိ တိမ်ကောချောင်း၊ မြောင်းများ အား ပြန်လည်တူးဖော်ခြင်း လုပ်ငန်းများကို အလျဉ်းသင့်သလို ဆောင်ရွက်ရန် လိုအပ်လာမည်ဖြစ်ပါသည်။ ထို့အပြင် စစ်တောင်းမြစ်ကြောင်း တိမ်ကော ဆယ်ဖို့လာခြင်းကြောင့် မြစ်ကြမ်းပြင် မြင့်တက်ပြီး မြစ်ရေသည် ယခင်ကထက် ( ၆ပေ ) မှ ( ၁၂ ပေ) အထိထူးကဲစွာ မြင့်တက်မှုကို ကြုံတွေ့နေရပါသည်။ သို့ဖြစ်ပါ၍ စစ်တောင်းမြစ်ကမ်းနဘေးရှိ ကျေးရွာအုပ်စု(၁၂)ရွာနှင့် ပတ်ဝန်း ကျင်ကျေးရွာများ အတွင်းသို့ မြစ်ရေများလျှံတက်ဝင်ရောက်မှု မရှိစေရန် ရေထိန်းတံခါးများ တည်ဆောက်ခြင်း ၊ ရေငံတားတမံများ တည်ဆောက်ခြင်း လုပ်ငန်း များကို မြို့နယ်၏သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကျေးလက်နေ ပြည်သူ များ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် အရေးကြီးသော အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်သွားရမည့် လုပ်ငန်း တစ်ခု ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

**သဘာဝဘေးအန္တရာယ် ကျရောက်မှု**

၁၃။ သနပ်ပင်မြို့နယ်သည် အရှေ့ဘက်တွင် စစ်တောင်းမြစ်နှင့် အနောက်ဘက် ပဲခူးမြစ်တို့အကြားတွင် တည်ရှိသဖြင့် မိုးရာသီ ရေလွှမ်းမိုးမှု ဘေးအန္တရာယ်ကျ ရောက်လေ့ရှိပါသည်။

# အခန်း(၄)

## လူဦးရေဆိုင်ရာအချက်အလက်များ

### နေထိုင်သည့်တိုင်းရင်းသားလူမျိုးစုများ

၁၄။ သနပ်ပင်မြို့နယ်တွင် နေထိုင်ကြသော တိုင်းရင်းသားလူမျိုးစု များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | လူမျိုး | နေထိုင်သည့် လူဦးရေ | မြို့နယ်လူဦးရေ | မြို့နယ်လူဦးရေ၏ ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁ | ကချင် | ၅ | ၁၆၆၀၅၁ | ၀.၀၀၃ |
| ၂ | ကယား | - | - | - |
| ၃ | ကရင် | ၁၃ | - | ၀.၀၀၇ |
| ၄ | ချင်း | - | - | - |
| ၅ | မွန် | ၃၀ | - | ၀.၀၁၉၈ |
| ၆ | ဗမာ | ၁၅၉၇၂၄ | - | ၉၆.၁၉၀ |
| ၇ | ရခိုင် | ၂ | - | ၀.၀၀၁၂ |
| ၈ | ရှမ်း | ၄ | - | ၀.၀၀၂၄ |
| ၉ | ပအိုဝ်း | ၁ | - | ၀.၀၀၀၆ |
| ၁၀ | ဓနု | - | - | - |
| ၁၁ | တောင်ရိုး | - | - | - |
| ၁၂ | ပလောင် | - | - | - |
| ၁၃ | အခြား | - | - | - |
| | **မြို့နယ်ချုပ်** | **၁၅၉၇၇၉** | **၁၆၆၀၅၁** | **၉၆.၂၂၃** |

ɔo

**အိမ်ခြေ၊ အိမ်ထောင်စု၊ လူဦးရေ**

၁၅။ သနပ်ပင်မြို့နယ်၏ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလကုန်အထိ လူဦးရေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **အိမ်ခြေ/အိမ်ထောင်စု**

| စဉ် | အကြောင်းအရာ | အိမ်ခြေ | အိမ်ထောင်စု | ရပ်ကွက် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|---|---|---|
| ၁ | မြို့နေ | ၂၉၅၄ | ၃၀၃၁ | ၆ | - | - |
| ၂ | ကျေးလက်နေ | ၂၆၂၂၄ | ၂၇၁၅၄ | - | ၆၀ | ၉၉ |
| | **မြို့နယ်ချုပ်** | **၂၉၁၇၈** | **၃၀၁၈၅** | **၆** | **၆၀** | **၉၉** |

(ခ) **လူဦးရေ**

| စဉ် | အကြောင်းအရာ | အသက်(၁၈) နှစ်အထက် | | | အသက်(၁၈) နှစ်အောက် | | | စုစုပေါင်း | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | မြို့နေ | ၄၂၇၈ | ၅၁၀၅ | ၉၃၈၃ | ၄၃၄၂ | ၄၃၇၈ | ၈၇၂၀ | ၈၆၂၀ | ၉၄၈၃ | ၁၈၁၀၃ |
| ၂ | ကျေးလက်နေ | ၃၄၅၄၈ | ၃၉၁၃၅ | ၇၃၆၈၃ | ၃၇၃၄၅ | ၃၆၉၂၀ | ၇၄၂၆၅ | ၇၁၈၉၃ | ၇၆၀၅၅ | ၁၄၇၉၄၈ |
| | **မြို့နယ်ချုပ်** | **၃၈၈၂၆** | **၄၄၂၄၀** | **၈၃၀၆၆** | **၄၁၆၈၇** | **၄၁၂၉၈** | **၈၂၉၈၅** | **၈၀၅၁၃** | **၈၅၅၃၈** | **၁၆၆၀၅၁** |

## လူဦးရေတိုးနှုန်းနှင့်ကျားမအချိုး

၁၆။ သနပ်ပင်မြို့နယ်၏ ၂၀၂၀ ပြည့်နှစ် လူဦးရေတိုးနှုန်းမှာ( ၀.၁၉%) ဖြစ်ပြီး ကျားမအချိုးမှာ (၁:၁.၀၆) ဖြစ်ပါသည်။

(က) လူဦးရေတိုးနှုန်းနှင့်ကျား၊ မအချိုး

| စဉ် | မြို့နယ် | ယခင်နှစ် လူဦးရေ | ယခုနှစ် လူဦးရေ | တိုးလာဦးရေ | တိုးနှုန်း | ကျား/မအချိုး | | |
|---|---|---|---|---|---|---|---|---|
| | | | | | | ကျား | မ | အချိုး |
| ၁ | သနပ်ပင် | ၁၆၅၇၃၈ | ၁၆၆၀၅၁ | ၃၁၃ | ၀.၁၉ | ၈၀၅၁၃ | ၈၅၅၃၈ | ၁:၁.၀၆ |
| **မြို့နယ်ချုပ်** | | **၁၆၅၇၃၈** | **၁၆၆၀၅၁** | **၃၁၃** | **၀.၁၉** | **၈၀၅၁၃** | **၈၅၅၃၈** | **၁:၁.၀၆** |

(ခ) **မွေးဖွား၊သေဆုံး၊ပြောင်းဝင်၊ပြောင်းထွက်လူဦးရေ**

| စဉ် | မြို့နယ် | မူလလူဦးရေ | မွေးဖွားဦးရေ | သေဆုံးဦးရေ | ပြောင်းဝင်ဦးရေ | ပြောင်းထွက်ဦးရေ | လက်ရှိလူဦးရေ |
|---|---|---|---|---|---|---|---|
| ၁ | သနပ်ပင် | ၁၆၅၇၃၈ | ၁၆၇၆ | ၇၄၆ | ၃၉၄ | ၁၀၁၁ | ၁၆၆၀၅၁ |
| | **မြို့နယ်ချုပ်** | **၁၆၅၇၃၈** | **၁၆၇၆** | **၇၄၆** | **၃၉၄** | **၁၀၁၁** | **၁၆၆၀၅၁** |

## ကိုးကွယ်သည့်ဘာသာ

၁၇။ သနပ်ပင်မြို့နယ်တွင် နေထိုင်ကြသူများ၏ ကိုးကွယ်သည့် ဘာသာအလိုက် လူဦးရေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | မြို့နယ် | ဗုဒ္ဓဘာသာ | ခရစ်ယာန် | ဟိန္ဒူဘာသာ | အစ္စလာမ်ဘာသာ | နတ် | အခြား | ပေါင်း |
|---|---|---|---|---|---|---|---|---|
| ၁ | သနပ်ပင် | ၁၅၉၇၇၉ | ၁ | ၅၅၄၇ | ၆၅၃ | - | ၇၁ | ၁၆၆၀၅၁ |
| **မြို့နယ်ချုပ်** | | **၁၅၉၇၇၉** | **၁** | **၅၅၄၇** | **၆၅၃** | **-** | **၇၁** | **၁၆၆၀၅၁** |

**နိုင်ငံခြားသားများနေထိုင်မှု**

၁၈။ သနပ်ပင်မြို့နယ်အတွင်း နိုင်ငံခြားသားများ နေထိုင်သူဦးရေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | နိုင်ငံခြားသား လူမျိုး | နေထိုင်ဦးရေ | မြို့နယ် လူဦးရေ | မြို့နယ်လူဦးရေ ရာခိုင်နှုန်း |
|---|---|---|---|---|
| (က) | တရုတ် | ၇၁ | ၁၆၆၀၅၁ | ၀.၀၄၃ |
| (ခ) | အိန္ဒိယ | ၅၅၄၇ | ၁၆၆၀၅၁ | ၃.၃၄၁ |
| (ဂ) | အခြား | ၆၅၄ | ၁၆၆၀၅၁ | ၀.၃၉၄ |
| **စုစုပေါင်း** | | **၆၂၇၂** | ၁၆၆၀၅၁ | ၃.၇၇၇ |

**အခန်း(၅)**

**အုပ်ချုပ်ရေးဆိုင်ရာအချက်အလက်များ**

**အုပ်ချုပ်ရေးနယ်မြေဖွဲ့စည်းမှု**

၁၉။ သနပ်ပင်မြို့နယ်၏ အုပ်ချုပ်ရေးနယ်မြေ ဖွဲ့စည်းမှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | မြို့နယ် | မြို့ | ရပ်ကွက် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|---|---|
| ၁ | သနပ်ပင် | ၁ | ၆ | ၆၀ | ၉၉ |

## ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ

၂၀။ သနပ်ပင်မြို့နယ်၏ ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များ အား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

(က) **မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်စာရင်း**

| စဉ် | အမည် | အလုပ်အကိုင် | တာဝန် |
|---|---|---|---|
| ၁ | ဦးတင်မွှေး | မွေးကု(ဦး/ရှိ)(ငြိမ်း) | ဥက္ကဋ္ဌ |
| ၂ | ဦးသန့်ဇင် | စည်ပင်စျေးအုပ်(ငြိမ်း) | အဖွဲ့ဝင်-၁ |
| ၃ | ဦးမင်းနိုင် | အရောင်းအဝယ် | အဖွဲ့ဝင်-၂ |
| ၄ | Drခင်မောင်မြင့် | မွေးကု(ငြိမ်း) | အဖွဲ့ဝင်-၃ |
| ၅ | ဦးမြင့်အောင် | ပညာရေး(ငြိမ်း) | အဖွဲ့ဝင်-၄ |
| ၆ | ဒေါ်ခင်မြင့်စီ | ပညာရေး(ငြိမ်း) | အဖွဲ့ဝင်-၅ |
| ၇ | ဦးသန်းဌေးအောင် | မြို့နယ်ဥပဒေအရာရှိ | အဖွဲ့ဝင် |
| ၈ | ဦးပြည့်ဖြိုးဝေ | ဒု-မြို့နယ်အုပ်ချုပ်ရေးမှူး | အဖွဲ့ဝင် |
| ၉ | ဦးညွှန့်အောင် | လယ်/စီ/အင်း | အဖွဲ့ဝင် |
| ၁၀ | ဦးတင်ဌေး | မြို့နယ်လဝကဦးစီးမှူး | အဖွဲ့ဝင် |
| ၁၁ | ဒေါ်ညိုပြာ | မြို့နယ်ပြန်ဆက်ဦးစီးမှူး | အဖွဲ့ဝင် |
| ၁၂ | ဒေါက်တာစံကြည် | မြို့နယ်ကျန်းမာရေး ဦးစီးမှူး | အဖွဲ့ဝင် |
| ၁၃ | ဒေါ်ခိုင်ဝါ | မြို့နယ်စာရင်းစစ်အရာရှိ | အဖွဲ့ဝင် |
| ၁၄ | ဒေါ်ကြူကြူမြင့် | မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး | အဖွဲ့ဝင် |
| ၁၅ | ဦးအေးမင်း | မြို့နယ်စီးပွားဘဏ်မန်နေဂျာ | အဖွဲ့ဝင် |
| ၁၆ | ဒေါ်အေးသိန်း | မြို့နယ်စိုက်/ဘဏ်မန်နေဂျာ | အဖွဲ့ဝင် |
| ၁၇ | ဒေါ်အိသန္တာခင် | ရွေးကောက်ပွဲဦးစီးအရာရှိ | အတွင်းရေးမှူး |

## (ခ) ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ

| စဉ် | မြို့နယ် | မြို့နယ် လူဦးရေ | ကျား | မ | ပေါင်း |
|---|---|---|---|---|---|
| ၁ | သနပ်ပင် | ၁၆၆၀၅၁ | ၃၈၈၂၆ | ၄၄၂၄၀ | ၈၃၀၆၆ |
| **မြို့နယ်ချုပ်** | | **၁၆၆၀၅၁** | **၃၈၈၂၆** | **၄၄၂၄၀** | **၈၃၀၆၆** |

## (ဂ ) နိုင်ငံရေးပါတီများ

| စဉ် | ပါတီ | ဥက္ကဋ္ဌ | အတွင်း ရေးမှူး | အမှုဆောင် ဦးရေ | ပါတီဝင် ဦးရေ |
|---|---|---|---|---|---|
| ၁ | ပြည်ခိုင်ဖြိုးပါတီ | ဦးတင်မျိုးဝင်း | ဦးသောင်းဌေး | ၁၅ | ၂၅၀၀၁ |
| ၂ | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ | ဦးကျော်သိန်း | ဦးဝင်းလွင် | ၇ | ၅၉၀ |
| ၃ | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ဦးမြင့်ဦး | ဦးမင်းထက်သာ | ၁၉ | ၈၀၀၀ |
| ၄ | ပြည်ထောင်စု ဒီမိုကရေစီပါတီ | ဦးအုန်းဟန် | ဦးမြင့်ဇော် | ၉ | ၅၀၀ |
| ၅ | ညီညွတ်သော ဒီမို ကရက်တစ်ပါတီ | - | - | - | - |
| ၆ | ပြည်ထောင်စုကောင်း ကျိုးဆောင်ပါတီ | ဦးအေးစိုး | ဦးသန်းဝင်း | ၁၈ | ၁၀၀၀ |

## (ဃ) ရွေးချယ်ခံရသော လွှတ်တော်ကိုယ်စားလှယ်များ

| စဉ် | လွှတ်တော်ကိုယ်စားလှယ်အမည် | ပါတီ/ တသီးပုဂ္ဂလအမည် | လွှတ်တော်အမည် |
|---|---|---|---|
| ၁ | Dr. စောညိုဝင်း | အန်အယ်လ်ဒီ | တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ်အမှတ်(၁) |
| ၂ | ဦးမျိုးမြင့်အောင် | အန်အယ်လ်ဒီ | အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၂) |
| ၃ | ဦးမြင့်ဦး | အန်အယ်လ်ဒီ | ပြည်သူ့လွှတ်တော် |
| ၄ | Dr. မိုးမြင့်အောင် | အန်အယ်လ်ဒီ | အမျိုးသားလွှတ်တော် |

# အခန်း(၆)

# စီပွားရေးဆိုင်ရာအချက်အလက်

## စီးပွားရေးဆိုင်ရာခြုံငုံသုံးသပ်ချက်

၂၁။ သနပ်ပင်မြို့နယ်သည် မြေနိမ့်ပိုင်း ရေနက်ကွင်းဒေသ အတွင်းတွင် တည်ရှိပြီး စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်မှုမရှိသော မြို့နယ်တစ်ခုဖြစ်ပါသည်။ မြို့နယ်အတွင်းရှိ ဒေသခံပြည်သူလူထုသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင် ဆောင်ရွက်ကြပါသည်။ ထို့အပြင် မွေးမြူရေးလုပ်ငန်းများကိုလည်း စီးပွားဖြစ် လုပ်ကိုင်ကြပါသည်။ သနပ်ပင်မြို့နယ်သည် ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်သို့ ကားလမ်း၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်သို့ ကားလမ်း၊ ကဝမြို့နယ်သို့ ကားလမ်းနှင့် ဝေါမြို့နယ်သို့ ကားလမ်း၊ ရေလမ်းဖြင့် သွားလာနိုင်ပြီး လမ်းပန်းဆက်သွယ်ရေး

ကောင်းမွန်သော မြို့နယ်ဖြစ်ပါသည်။ မြို့နယ်၏ အဓိကထွက်ကုန်များမှာ ဆန်နှင့် ဆန်ထွက် ပစ္စည်းဖြစ်ပြီး၊ ရန်ကုန်နှင့် ပဲခူးတိုင်းဒေသကြီးများသို့ အများဆုံး တင်ပို့ရောင်းချပါသည်။ မွေးမြူရေးထွက်ကုန်များဖြစ်သော ကြက်၊ ဘဲ၊ ဝက်နှင့် ငါးများကိုလည်း တင်ပို့ပါသည်။ ဟင်းသီးဟင်းရွက်နှင့် ရေငံထွက်ပစ္စည်းများ တင်ပို့နိုင်ခြင်းမရှိပါ။ သနပ်ပင်မြို့နယ်သည် အညာဒေသမှထွက်ရှိသော ငရုပ်၊ ကြက်သွန်၊ အာလူး၊ ပဲနှင့်စားသုံးဆီ ကုန်ပစ္စည်းများကို အဓိက တင်သွင်းရပါသည်။

**မြေအသုံးချမှု**

၂၂။ သနပ်ပင်မြို့နယ်၏ မြေအမျိုးအစားအလိုက် အသုံးချထားသည့် ဧကအား အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

| စဉ် | မြေအမျိုးအစား | ဧရိယာ(ဧက) |
|---|---|---|
| ၁ | **အသားတင်စိုက်ပျိုးမြေဧရိယာပေါင်း** | **၁၆၀၄၈၇** |
| | (က) လယ်မြေဧရိယာ | ၁၅၆၈၈၆ |
| | (ခ) ယာမြေ | - |
| | (ဂ) ကိုင်း/ကျွန်းမြေ | - |
| | (ဃ) ဥယျာဉ်မြေ | ၃၆၀၁ |
| | (င) ဓနိ | - |
| ၂ | လှပ်ထားမြေဧရိယာပေါင်း | **-** |
| | (က) လယ်မြေဧရိယာ | |
| | (ခ) ယာမြေ | - |
| | (ဂ) ကိုင်း/ကျွန်းမြေ | - |
| | (ဃ) ဥယျာဉ်မြေ | - |

| စဉ် | မြေအမျိုးအစား | ဧရိယာ(ဧက) |
|---|---|---|
| ၃ | စားကျက်မြေ | ၆၄၀၄ |
| ၄ | စက်မှုလုပ်ငန်းသုံးမြေ | ၂၁ |
| ၅ | မြို့မြေ | ၄၄၁ |
| ၆ | ရွာမြေ | ၇၆၄၃ |
| ၇ | အခြားမြေ | ၇၁၄၀၄ |
| ၈ | ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော ဧရိယာ | - |
| ၉ | တောရိုင်း | - |
| ၁၀ | မြေရိုင်း | |
| ၁၁ | စိုက်ပျိုးခြင်းမပြုနိုင်သောဧရိယာ | - |
| စုစုပေါင်း | | ၂၄၆၄၀၀ |

**ဆည်မြောင်းတာတမံများနှင့် ဆည်ရေသောက်ဧရိယာ**

၂၃။ သနပ်ပင်မြို့နယ်ရှိ ဆည်မြောင်းတာတမံများနှင့် ဆည်ရေသောက်ဧရိယာမှာ အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**(က) ကိုယ့်အားကိုယ်ကိုးဆည်များ**

**မရှိပါ။**

**(ခ) မြစ်ရေတင်စီမံကိန်းများ**

| စဉ် | စီမံကိန်းအမည် | တည်နေရာ | အကျိုးပြုဧက | မှတ်ချက် |
|---|---|---|---|---|
| ၁ | ကျောင်းစု | မင်းရွာကျောင်းစု | ၃၀၀၀ | |
| ၂ | မင်းရွာ | ခရမ်းညောင်ပင် | ၁၀၀၀ | |
| **မြို့နယ်ချုပ်** | **၂** | | **၄၀၀၀** | |

## (ဂ) တာတမံများ/ရေထိန်းတံခါး

| စဉ် | တာတမံ/ရေထိန်းတံခါး | | | ရေယူသည့် မြစ်/ချောင်း | အကျိုးပြုဧက |
|---|---|---|---|---|---|
| | အမည် | အမျိုးအစား | အရှည် (ပေ) | | |
| ၁ | ပဲခူး-စစ်တောင်း တူးမြောင်းတာ | မြေသား | ၁၇ မိုင် ၄ ဖာလုံ | ပဲခူးစစ်တောင်း တူးမြောင်း | ၂၂၆၃၄ |
| ၂ | ပုဂံ-ညောင်ပင် လက်ယာတာ | မြေသား | ၁၁ မိုင် | ပုဂံ- ညောင်ပင် ပြွန်ပေါက်ချောင်း | ၁၃၇၅၀ |
| ၃ | တာ၀ရေထိန်း တံခါး | ကွန်ကရစ် | ၆ x ၁၂ (၃၃)ပေါက် | ပဲခူးမြစ် | ၃၂၀၀၀ |
| ၄ | မိုးခိုင်ကြီး(ယော့ ကော်ရေတံခါး) | အုတ် | ၆ x ၁၁ (၁၁)ပေါက် | ယော့ကော်ချောင်း | ၄၈၀၀ |
| ၅ | ဇီးပင်ရေတံခါး | အုတ် | ၆ x ၁၃ (၅)ပေါက် | ဇီးပင်ချောင်း | ၃၅၀၀ |
| **မြို့နယ်ချုပ်** | | **၅** | **၂၈ မိုင် ၄ဖာလုံ** | **-** | **၇၆၆၈၄** |

## စိုက်ပျိုးရေးလုပ်ငန်း

၂၄။ သနပ်ပင်မြို့နယ်၏ စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်နိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **အဓိကသီးနှံ(၁၀)မျိုး စိုက်ပျိုးထုတ်လုပ်မှု**

| **စဉ်** | **သီးနှံအမည်** | **၂၀၁၉-၂၀၂၀ လျာထားဧက** | | **၂၀၁၉-၂၀၂၀ ခုနှစ်** | | | |
|---|---|---|---|---|---|---|---|
| | | | | **စိုက်** | **ရိတ်** | **နှုန်း** | **အထွက် (တင်း)** |
| ၁ | စပါး | နွေ | ၂၉၄၂၂ | ၂၉၄၂၂ | ၂၉၄၂၂ | ၈၈.၉၂ | ၂၆၁၆၂၀၄ |
| | ပေါင်း | မိုး | ၁၄၇၉၇၇ | ၁၄၇၉၇၇ | ၁၄၇၉၇၇ | ၇၃.၈ | ၁၀၉၂၀၇၀၃ |
| ၂ | မြေပဲ | မိုး | | | | | |
| | | ဆောင်း | ၃၁၃၆ | ၃၁၃၆ | ၃၁၃၆ | ၆၁.၃ | ၁၉၂၂၃၇ |
| ၃ | နှမ်း | မိုး | - | - | - | - | - |
| | | ဆောင်း | - | - | - | - | - |
| ၄ | နေကြာ | - | ၅၂ | - | - | - | - |
| ၅ | မတ်ပဲ | - | ၂၃၉၂ | ၂၃၉၂ | ၂၃၉၂ | ၁၈.၇ | ၄၄၇၃၀ |
| ၆ | ပဲဒီစိမ်း | မိုး | - | - | - | - | - |
| | | ဆောင်း | ၁၁၃၉၆၃ | ၁၁၃၉၆၃ | ၁၁၃၉၆၃ | ၂၂.၆၇ | ၂၅၈၃၅၄၁ |
| ၇ | ပဲစင်းငုံ | - | - | - | - | - | - |
| ၈ | ဝါ | - | - | - | - | - | - |
| ၉ | ကြံ | - | - | - | - | - | - |
| ၁၀ | အစေ့ထုတ်ပြောင်း | - | - | - | - | - | - |
| **မြို့နယ် ချုပ်** | | | **၂၉၆၉၁၅** | **၂၉၆၈၉၀** | **၂၉၆၈၉၀** | | **၁၆၃၅၇၄၁၅** |

## (ခ) နှစ်ရှည်သီးနှံစိုက်ပျိုးမှုအခြေအနေ

| စဉ် | သီးနှံအမည် | စိုက် (ဧက) | ရိတ် (ဧက) | အထွက်နှုန်း (ပိဿာ) | အထွက်ပေါင်း (ပိဿာ) |
|---|---|---|---|---|---|
| ၁ | အုန်း | ၁၈၀ | ၁၈၀ | ၁၇၈ | ၁၀၆၂၀၀၀ |
| ၂ | ထန်း | ၈၉ | | - | - |
| ၃ | သရက် | ၂၁၉၆ | ၂၁၉၆ | ၁၄၇၂ | ၃၀၃၀၄၈၀ |
| ၄ | ဇီး | ၃၃ | ၃၃ | ၆၇ | ၄၄၇၄၈ |
| မြို့နယ် ချုပ် | | ၂၄၉၈ | ၂၄၀၉ | ၁၇၁၇ | ၄၁၃၇၂၂၈ |

## (ဂ) အခြားဈေးကွက်ဝင်သီးနှံများစိုက်ပျိုးထုတ်လုပ်မှု

မရှိပါ။

## (ဃ) လယ်ယာသုံးစက်ကိရိယာ သုံးစွဲမှုအခြေအနေ

| စဉ် | အစိုးရ | | | | | | | ပုဂ္ဂလိက | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | လယ်ထွန်စက် | လက် တွန်းထွန်စက် | မျိုးစေ့ချစက် | Combine Havester | ရိတ်သိမ်းစက် | ချုလှေ့စက် | ရေစုပ်စက် | လယ်ထွန်စက် | လက်တွန်းထွန်စက် | မျိုးစေ့ချစက် | Combine Havester | ရိတ် သိမ်းစက် | ချုလှေ့စက် | ရေစုပ်စက် |
| ၁ | ၉ | ၂ | - | ၇ | ၁ | - | - | ၄၁၅ | ၂၁၃၃ | - | ၁၄၂ | ၆ | ၄၆ | ၁၉၂၅ |

## (င) လယ်ယာသုံးထယ်၊ထွန်နှင့်ကျွဲ၊နွားကောင်ရေ

| စဉ် | ထယ်အရေအတွက် | ထွန်အရေအတွက် | ကျွဲနွားကောင်ရေ | နွားကောင်ရေ |
|---|---|---|---|---|
| ၁ | ၃၄၇ | ၃၅၂ | ၁၄၁၂ | ၂၆၁၂ |

## (စ) ဒေသတွင်း ဆန်ဖူလုံမှုရာခိုင်နှုန်း

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၈-၁၉အမှန် | ၂၀၁၉-၂၀ အမှန် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | လူဦးရေ | ဦး | ၁၆၅၇၃၈ | ၁၆၆၀၅၁ | |
| ၂ | လူတစ်ဦးတစ်နှစ်စားသုံးမှု | | | | |
| | -ကျေးလက်နေ | တင်း | ၁၅ | ၁၅ | |
| | -မြို့နေ | တင်း | ၁၂ | ၁၂ | |
| ၃ | ဝမ်းစာလိုအပ်ချက် | တင်း | ၂၄၂၉၅၄၁ | ၂၄၃၆၄၅၆ | |
| ၄ | စပါးစိုက်ဧကပေါင်း | ဧက | ၁၇၉၆၆၇ | ၁၇၇၃၉၉ | |
| | -အထွက်နှုန်း | တင်း | ၇၆.၂၅ | ၇၆.၃၁ | |
| | -အထွက်တင်း | တင်း | ၁၃၇၀၀၈၄၃ | ၁၃၅၃၆၉၀၇ | |
| ၅ | လာမည့်နှစ်စပါးစိုက်ဧက | ဧက | ၁၇၉၆၆၇ | ၁၇၇၃၉၉ | |
| ၆ | ချန်လှပ်ရမည့်တင်း | တင်း | ၆၈၅၀၄၂ | ၆၇၆၈၄၅ | |
| ၇ | အသုံးပြုတင်း | တင်း | ၃၁၁၈၀၀၉ | ၃၃၂၃၄၅၁ | |
| ၈ | ပိုလျှံမှု | တင်း | ၁၀၃၇၂၉၆၇ | ၁၀၂၁၃၄၅၆ | |
| ၉ | ဝမ်းစာကျန်ရှိမှု | တင်း | ၂၄၂၉၅၄၁ | ၂၄၃၆၄၅၆ | |
| ၁၀ | ဖူလုံမှု | % | ၄၃၉.၄၁ | ၄၀၇.၃၁ | |

## (ဆ) ဒေသတွင်းဆီဖူလုံမှုရာခိုင်နှုန်း

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၈-၁၉အမှန် | ၂၀၁၉-၂၀ အမှန် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | လူဦးရေ | ဦး | ၁၆၅၇၃၈ | ၁၆၅၇၃၈ | |
| ၂ | လူတစ်ဦးတစ်နှစ်စားသုံးမှု | ပိဿာ | ၆ | ၆ | |
| | ဝမ်းစာလိုအပ်ချက် | မက်တန် | ၁၆၁၄ | ၁၄၈၈ | |
| | ဆီထွက်ရှိမှု | မက်တန် | ၅၅၇ | ၅၀၃.၅၀ | |
| ၃ | အလေအလွင့်နှင့်အခြား | တင်း | ၂၁၃၇၂ | ၁၉၂၂၄ | |
| ၄ | ချန်လှပ်ရမည့်တင်း | ဧက | ၃၁၃၀ | ၃၁၃၆ | |
| | အသုံးပြုမှု | မက်/တန် | ၄၀၁၅၂ | ၃၈၀၄၀ | |
| | လိုအပ်မှု | မက်/တန် | ၁၄၁၆ | ၁၆၂၇ | |
| ၅ | ဖူလုံမှု | ရာခိုင်နှုန်း | ၃၅ | ၃၀.၉၅ | |

## မွေးမြူရေးလုပ်ငန်းများ

၂၅။ သနပ်ပင်မြို့နယ်၏ မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နိုင်မှု အခြေ အနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

### (က) မွေးမြူရေးဇုန်များ

မရှိပါ။

### (ခ) မြို့နယ်မွေးမြူရေး (ကောင်ရေ)

| စဉ် | ခုနှစ် | ကျွဲ | နွား | ဝက် | သိုး/ဆိတ် | ကြက် | ဘဲ |
|---|---|---|---|---|---|---|---|
| ၁ | ၂၀၁၉-၂၀၂၀ | ၂၈၆၃၇ | ၆၀၄၅၁ | ၅၅၉၆၁ | ၃၇၇၁ | ၂၃၉၅၁၂ | ၄၈၃၆၂၄၀ |
| **မြို့နယ်ချုပ်** | **၂၀၁၉-၂၀၂၀** | **၂၈၆၃၇** | **၆၀၄၅၁** | **၅၅၉၆၁** | **၃၇၇၁** | **၂၃၉၅၁၂** | **၄၈၃၆၂၄၀** |

## (ဂ) မြို့နယ်အသားထုတ်လုပ်မှု (ပိဿာ)

| စဉ် | ခုနှစ် | ကျွဲ | နွား | ဝက် | ဆိတ်/သိုး | ကြက် | ဘဲ |
|---|---|---|---|---|---|---|---|
| ၁ | ၂၀၁၉-၂၀၂၀ | ၅၅၄၃၆ | ၁၆၆၃၁၀ | ၁၃၅၀၃၅၆ | ၁၄၇၂၉ | ၂၀၇၆၄၀၀ | ၂၁၄၂၈၅၀ |
| မြို့နယ်ချုပ် | | **၅၅၄၃၆** | **၁၆၆၃၁၀** | **၁၃၅၀၃၅၆** | **၁၄၇၂၉** | **၂၀၇၆၄၀၀** | **၂၁၄၂၈၅၀** |

## (ဃ) မြို့နယ်ကြက်/ဘဲ/ငုံးဥထုတ်လုပ်မှု (လုံး)

| စဉ် | ခုနှစ် | ကြက်ဥ | ဘဲဥ |
|---|---|---|---|
| ၁ | ၂၀၁၉-၂၀၂၀ | ၅၆၆၂၂၇၈ | ၂၀၀၈၃၅၄၁ |
| **မြို့နယ်ချုပ်** | | **၅၆၆၂၂၇၈** | **၂၀၀၈၃၅၄၁** |

## (င) မြို့နယ်နို့ထွက်ပစ္စည်းထုတ်လုပ်မှု

မရှိပါ။

## (စ) မြို့နယ်ငါး၊ ပုစွန်မွေးမြူမှု အခြေအနေ

| စဉ် | ခုနှစ် | ငါး | | | ပုစွန် | | |
|---|---|---|---|---|---|---|---|
| | | အရေအတွက် (ကန်) | ဧက | ထုတ်လုပ်မှု ပိဿာ | အရေအတွက် (ကန်) | ဧက | ထုတ်လုပ်မှု ပိဿာ |
| ၁ | ၂၀၁၉-၂၀၂၀ | ၄၉၀ | ၃၃၂၉.၇၀ | ၄၆၅၇ | - | - | - |

## (ဆ) ရေချိုရေငန်ငါးဖမ်းလုပ်ငန်းမှအသားထုတ်မှု(တန်)

| စဉ် | ခုနှစ် | ငါး | | | ပုစွန် | | |
|---|---|---|---|---|---|---|---|
| | | လေလံအရေအတွက် | လုပ်ငန်းအရေအတွက် | ထုတ်လုပ်မှု (တန်) | လေလံအရေအတွက် | လုပ်ငန်းအရေအတွက် | ထုတ်လုပ်မှု (တန်) |
| ၁ | ၂၀၁၉-၂၀၂၀ | ၄ | ၂၇ | ၅၃၄၀.၃၂ | - | - | - |

**စက်မှုလက်မှုလုပ်ငန်း**

၂၆။ သနပ်ပင်မြို့နယ်၏ စက်မှုလက်မှုလုပ်ငန်း ဆောင်ရွက်နိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**(က) စက်မှုဇုန်များ**

မရှိပါ။

**(ခ) မြို့နယ်ရှိစက်ရုံများ**

| စဉ် | မြို့နယ် | စက်ရုံအမည် | အမျိုးအစား | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | လုပ်သားအင်အား |
|---|---|---|---|---|---|---|
| ၁ | သနပ်ပင် | ဆန်စက်(ကြီး) | စားသောက်ရေး | | ၈ | ၇၉ |
| ၂ | သနပ်ပင် | ဆန်စက်(လတ်) | စားသောက်ရေး | | ၁၁ | ၄၈ |
| ၃ | သနပ်ပင် | ဆန်စက်(ငယ်) | စားသောက်ရေး | | ၃၃ | ၁၀၁ |
| ၄ | သနပ်ပင် | ဆီစက်(ကြီး) | စားသောက်ရေး | | ၁ | ၂၃ |
| ၅ | သနပ်ပင် | ရေခဲစက်(ကြီး) | စားသောက်ရေး | | ၁ | ၅ |
| ၆ | သနပ်ပင် | သစ်ခွဲစက်(ကြီး) | နေထိုင်ရေး | | ၁ | ၇ |
| ၇ | သနပ်ပင် | အမှုတ်ကြိတ်(လတ်) | စားသောက်ရေး | | ၁ | ၃ |
| ၈ | သနပ်ပင် | အမှုတ်ကြိတ်(ငယ်) | စားသောက်ရေး | | ၁ | ၃ |
| ၉ | သနပ်ပင် | ရေခဲချောင်း(ငယ်) | စားသောက်ရေး | | ၁ | ၂ |
| ၁၀ | သနပ်ပင် | ပဲသန့်စင်စက်(ငယ်) | စားသောက်ရေး | | ၁ | ၃ |
| ၁၁ | သနပ်ပင် | သောက်ရေသန့်(လတ်) | စားသောက်ရေး | | ၁ | ၄ |
| မြို့နယ်ချုပ် | | ၁၁ | | | ၆၀ | ၂၇၈ |

## (ဂ) မြို့နယ်ရှိအလုပ်ရုံများ

| စဉ် | မြို့နယ် | အလုပ်ရုံ အမည် | အမျိုး အစား | နိုင်ငံ ပိုင် | ပုဂ္ဂလိ ကပိုင် | လုပ်သား အင်အား |
|---|---|---|---|---|---|---|
| ၁ | သနပ်ပင် | စတီးလုပ်ငန်း | ဓါတ်သတ္တု | | ၁ | ၁၀ |
| ၂ | သနပ်ပင် | ပန်းပဲ(ငယ်) | ဓါတ်သတ္တု | | ၁ | ၃ |
| ၃ | သနပ်ပင် | တွင်ခုံ | အထွေထွေစက်မှု | | ၅ | ၂၂ |
| ၄ | သနပ်ပင် | အထွေထွေစက်မှု | အထွေထွေစက်မှု | | ၂ | ၅ |
| မြို့နယ်ချုပ် | | | | | ၉ | ၄၀ |

## (ဃ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ

| စဉ် | စက်မှုလက်မှုလုပ်ငန်းအမျိုးအစား | အရေအတွက် | လုပ်သား အင်အား |
|---|---|---|---|
| ၁ | မုန့်ဖုတ်လုပ်ငန်း | ၂ | ၁၀ |
| ၂ | ရေခဲမုန့်လုပ်ငန်း | ၄ | ၉ |
| ၃ | အမှုတ်ကြိတ်လုပ်ငန်း | ၁ | ၁ |
| ၄ | မုန့်ဟင်းခါးဖို | ၃ | ၆ |
| ၅ | ဆေးပေါ့လိပ်လုပ်ငန်း | ၁၆ | ၄၀ |
| ၆ | မုန့်ရည်ကြိတ်လုပ်ငန်း | ၁၈ | ၁၈ |
| ၇ | အုတ်ဖုတ်လုပ်ငန်း | ၁ | ၂၂ |
| ၈ | ပဲကြိတ်ခွဲစက် | ၂ | ၁၀ |
| ၉ | သစ်ခွဲစက်လုပ်ငန်း | ၂ | ၉ |
| ၁၀ | တောင်း၊ပုတ်၊ ဆန်ကောလုပ်ငန်း | ၁၂ | ၁၉ |
| ၁၁ | ပန်းဘဲလုပ်ငန်း | ၅ | ၁၁ |

| စဉ် | စက်မှုလက်မှုလုပ်ငန်းအမျိုးအစား | အရေအတွက် | လုပ်သား အင်အား |
|---|---|---|---|
| ၁၂ | ဘက်ထရီအားသွင်းလုပ်ငန်း | ၁၆ | ၁၆ |
| ၁၃ | တွင်ခုံလုပ်ငန်း | ၂ | ၈ |
| ၁၄ | ရွှေငွေလုပ်ငန်း | ၆ | ၆ |
| ၁၅ | စက်ချုပ်ဆိုင် | ၉၄ | ၉၄ |
| ၁၆ | စက်ကိရိယာများပြင်ဆင်ခြင်း | ၁ | ၁ |
| **မြို့နယ်ချုပ်** | | **၂၀၃** | **၂၈၀** |

**သစ်တောလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

၂၇။ သနပ်ပင်မြို့နယ်၏ သစ်တောလုပ်ငန်းနှင့် ပတ်သက်သော အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**(က) သစ်တောများ**

မရှိပါ။

**(ခ) စီးပွားဖြစ်သစ်တောစိုက်ခင်း**

မရှိပါ။

**(ဂ) သစ်ထုတ်လုပ်မှုများ**

မရှိပါ။

**(ဃ) သစ်တောထွက်ပစ္စည်းများ**

မရှိပါ။

**တွင်းထွက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း**

၂၈။ သနပ်ပင်မြို့နယ်၏ တွင်းထွက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းနှင့် ပတ်သက်သော အချက်အလက်များမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(က) **သတ္တုတူးဖော်ထုတ်လုပ်မှု**

မရှိပါ။

(ခ) **ကျောက်မျက်တူးဖော်ထုတ်လုပ်မှု**

မရှိပါ။

**စွမ်းအင်နှင့်လျှပ်စစ်ကဏ္ဍ**

၂၉။ သနပ်ပင်မြို့နယ်၏ စွမ်းအင်/လျှပ်စစ်ကဏ္ဍနှင့် ပတ်သက် သော အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **ဓါတ်ဆီ/ဒီဇယ်အရောင်းဆိုင်**

| စဉ် | ဆိုင်အမည် | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | တစ်နှစ်ရောင်းချမှု စည်ပေါင်း | |
|---|---|---|---|---|---|
| | | | | ဓါတ်ဆီ | ဒီဇယ် |
| ၁ | အောင်ပန်း | - | ၁ | ၁၉၅၈ | ၁၃၈၉ |
| ၂ | မက်စ်မြန်မာ | - | ၁ | ၁၅၉၀ | ၁၁၂၁ |
| ၃ | ဒေါ်သန်းသန်း | - | ၁ | ၁၄၉၂ | ၁၀၀၁ |
| ၄ | ဟိုက်ပါဝါ | - | ၁ | ၂၀၃၂ | ၁၅၉၈ |
| **မြို့နယ်ချုပ်** | | - | **၄** | **၇၀၇၂** | **၅၁၀၉** |

(ခ ) **သဘာဝဓါတ်ငွေ့အရောင်းဆိုင်များ**

မရှိပါ။

## ပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်း

၃၀။ သနပ်ပင်မြို့နယ်၏ ပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး လုပ်ငန်းနှင့်ပတ်သက်သော အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **လေကြောင်းလမ်းများ**

မရှိပါ။

( ခ ) **ရေကြောင်းလမ်း** -

| **စဉ်** | **ရေကြောင်းလမ်း အမည်** | **မြို့နယ်အတွင်း** | | **အရှည် ရေမိုင်** | **ဆိပ်ကမ်း အရေအတွက်** | |
|---|---|---|---|---|---|---|
| | | မှ | ထိ | | သင်္ဘော ဆိပ် | အခြား |
| ၁ | သနပ်ပင်-တာဝ | သနပ်ပင် | တာဝ | ၈ | ၂ | ၃ |
| ၂ | သနပ်ပင်-မင်းရွာ | သနပ်ပင် | မင်းရွာ | ၇ | ၂ | ၄ |
| **မြို့နယ်ချုပ်** | | | | **၁၅** | **၄** | **၇** |

(ဂ) **ရထားလမ်းနှင့်ဘူတာရုံများ**

မရှိပါ။

## (ဃ) ကားဂိတ်များ

| စဉ် | မြို့နယ် | ကားဂိတ် အမည် | ပြေးဆွဲသည့် ခရီးစဉ် | ပြေးဆွဲသည့် ယာဉ် အမျိုးအစား | ပြေးဆွဲသည့် ယာဉ် စီးရေ |
|---|---|---|---|---|---|
| ၁ | သနပ်ပင် | အခြေခံမြို့ပြ ကားလေးအသင်း | သနပ်ပင်-ပဲခူး | လိုက်ထရပ် | ၂၉ |
| ၂ | သနပ်ပင် | အခြေခံမြို့ပြ ကားလေးအသင်း | သနပ်ပင်-ရန်ကုန် | ဟိုင်းလတ် | ၇ |
| ၃ | သနပ်ပင် | အခြေခံမြို့ပြ ကားလေးအသင်း | သနပ်ပင်-ရန်ကုန် | မီနီဘတ် | ၂ |
| ၄ | သနပ်ပင် | အခြေခံမြို့ပြ ကားလေးအသင်း | ကျိုက်ထို-ကင်ပွန်းစခန်း-ပဲခူး-ရန်ကုန် | ဟိုင်းလပ် | ၁၅ |
| ၅ | သနပ်ပင် | မြို့နယ်စစ်မှုထမ်း ဟောင်းယာဉ်လိုင်း | သနပ်ပင်-ပဲခူးတက္ကသိုလ် | မီနီထရပ် | ၁၇ |
| ၆ | သနပ်ပင် | မြို့နယ်စစ်မှုထမ်း ဟောင်းယာဉ်လိုင်း | သနပ်ပင်-ပဲခူးတက္ကသိုလ် | သုံးဘီး ဆိုင်ကယ် | ၁၀ |
| ၇ | သနပ်ပင် | အမှတ်(၁၂) သ/မအသင်းစု | သနပ်ပင်-ပဲခူး | မီနီထရပ် | ၂၃ |
| ၈ | သနပ်ပင် | အမှတ်(၁၂) သ/မအသင်းစု | သနပ်ပင်-ပဲခူးတက္ကသိုလ် | မီနီထရပ် | ၇ |
| **မြို့နယ်ချုပ်** | | **၈** | **၃** | | **၁၁၀** |

## ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းများ

၃၁။ ပြည်သူ့ဆောက်လုပ်ရေး(လမ်းဦးစီးဌာန)၏ လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါ သည်-

(က) **ကားလမ်း**

| စဉ် | ကားလမ်းအမည် | မြို့နယ်အတွင်း | | အရှည်မိုင် |
|---|---|---|---|---|
| | | မှ | ထိ | |
| ၁ | ပဲခူး-သနပ်ပင်-ခရမ်း-သန်လျင်လမ်း | မိုင်၄/၀ | ၁၆/၅ | ၁၂မိုင်၅ဖာလုံ |
| ၂ | မြို့တွင်းလမ်း | မိုင်၆/၄ | ၈/၀ | ၁မိုင်၄ဖာလုံ |

(ခ) **မြို့နယ်ချင်းဆက်လမ်းများ**

| စဉ် | လမ်းအမည် | အရှည် (မိုင်-ဖာလုံ) | အမျိုးအစား | | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | ကတ္တရာ | ကျောက်ချော | အမာခံလမ်း | |
| ၁ | ပဲခူး-သနပ်ပင်-ခရမ်း-သန်လျင်လမ်း | ၁၂မိုင် ၅ဖာလုံ | ၁ | - | - | - |
| **မြို့နယ်ချုပ်** | | **၁၂/၅** | **၁** | **-** | **-** | **-** |

(ဂ) **တံတားများ**

### (၁) ပေ(၁၈၀)အထက်တံတားများ

| စဉ် | တံတားအမည် | အရှည်(ပေ) | အမျိုးအစား | တည်ဆောက်သည့်ခုနှစ် | သွားလာနိုင်သည့်ယာဉ် (ကား/ရထား) |
|---|---|---|---|---|---|
| ၁ | ၃/၈စစ်တောင်းတူးမြောင်တံတား | ၂၂၀ | သံကူကွန်ကရစ် | ၁၉၈၄ | ကား |
| ၂ | ၂/၈ (သနပ်ပင်မြို့တွင်းလမ်း) | ၁၉၀ | သစ်သားဘေလီ | ၂၀၀၆ | ကား |
| **မြို့နယ်ချုပ်** | | **၄၁၀** | **၂** | | |

## (ဂ) ပေ(၁၈၀)အောက်တံတားများ

| စဉ် | ပေ(၅၀)မှ (၁၈၀)ရှိ တံတားအမည် | အရှည် (ပေ) | အမျိုး အစား | တည်ဆောက်သည့် ခုနှစ် | သွားလာနိုင်သည့်ယာဉ် (ကား/ရထား) | ပေ(၅၀) အောက် တံတား အရေအတွက် |
|---|---|---|---|---|---|---|
| ၁ | ၂/၁၂ ကလိုင် | ၁၀၈ | RPTသံပေါင်း | ၂၀၀၄ | ကား | ၂၁ စင်း |
| ၂ | ၁/၁၀ သိမ်ရိုးတံတား | ၈၆ | သံကူကွန်ကရစ် | ၂၀၀၁ | ကား | |
| ၃ | ၃/၁၄ စိန်နားကပ်တံတား | ၆၉ | သံကူကွန်ကရစ် | ၂၀၀၄ | ကား | - |
| ၄ | ၂/၁၆ အနီးကိုက်တံတား | ၆၇ | သံကူကွန်ကရစ် | ၂၀၀၅ | ကား | - |
| **မြို့နယ်ချုပ်** | | **၃၃၀** | **သံကူကွန်ကရစ်** | | **ကား** | **၂၁စင်း** |

## (ဃ) လမ်းတံတားသုံးစက်ကိရိယာများ

| စဉ် | လမ်းတံတားသုံးစက်ကိရိယာများ | | | | လုပ်သားဦးရေ |
|---|---|---|---|---|---|
| | မြေထိုးစက် | မြေကော်စက် | မြေကြိတ်စက် | မြေသယ်ယာဉ် | |
| ၁ | - | - | ၁ | - | ၁ |
| မြို့နယ်ချုပ် | - | - | ၁ | - | - |

## ( င ) လမ်း/ တံတားအသုံးပြုခကောက်ခံသည့်လုပ်ငန်း

| စဉ် | တိုးဂိတ်အမည် | တည်နေရာ | လမ်း/တံတားအရှည် | | ကုမ္ပဏီ/အဖွဲ့အစည်း/လူပုဂ္ဂိုလ် |
|---|---|---|---|---|---|
| | | | မှ | ထိ | |
| ၁ | ပဲခူး-သနပ်ပင် | ၃/၂-၃/၃ | ၀/၀ | ၃၀/၇ | လမ်းဦးစီးဌာန |
| **မြို့နယ်ချုပ်** | | **၃/၂-၃/၃** | **၀/၀** | **၃၀/၇** | |

**ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း**

၃၂။ သနပ်ပင်မြို့နယ်ရှိဟိုတယ်နှင့်ခရီးသွားလုပ်ငန်းနှင့်ပတ်သက်သော အချက်အလက်များမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(က) **ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်း**

မရှိပါ။

(ခ) **ကမ်းခြေနှင့်အပန်းဖြေနေရာများ**

မရှိပါ။

**သမဝါယမအသင်းများ**

၃၃။ သနပ်ပင်မြို့နယ်တွင်ရှိသော သမဝါယမအသင်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | သမဝါယမ အသင်းပေါင်း | သမဝါယမ အသင်းစုပေါင်း | မှတ်ချက် |
|---|---|---|---|
| ၁ | ၂၁၀ | ၁ | |
| **မြို့နယ်ချုပ်** | **၂၁၀** | **၁** | |

## စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အဦများ

၃၄။ သနပ်ပင်မြို့နယ်တွင်ရှိသော စီးပွားရေးဆိုင်ရာ အခြေခံအဆောက် အဦများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**(က) ကုမ္ပဏီ၊ကုန်စည်ဒိုင်၊ပွဲရုံများ၊ဈေးနှင့်ကုန်တိုက်များ**

**(၁) ကုမ္ပဏီများ၊ ကုန်စည်ဒိုင်များ၊ ပွဲရုံများ၊ ကုန်တိုက်များ**

မရှိပါ။

**(၂) ဈေးများ**

| စဉ် | မြို့နယ် | ဈေးအမည် | တည်နေရာ | မှတ်ချက် |
|---|---|---|---|---|
| ၁ | သနပ်ပင် | မြို့မဈေး | ဈေးပိုင်းရပ်ကွက် | |
| ၂ | သနပ်ပင် | ကျေးလက်ဈေး | မင်းရွာကျေးရွာ | |
| | **မြို့နယ်ချုပ်** | ၂ | ၂ | |

(ခ) **ဘဏ်များ**

| စဉ် | မြို့နယ် | ဘဏ် အမည် | အစိုးရပိုင် | ပုဂ္ဂလိကပိုင် | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | သနပ်ပင်မြို့ | မြန်မာ့စီးပွားရေးဘဏ် | ၁ | - | ၁ |
| ၂ | သနပ်ပင်မြို့ | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | ၁ | - | ၁ |
| ၃ | သနပ်ပင်မြို့ | ကမ္ဘောဇရတနာဘဏ် | - | ၁ | ၁ |
